**အကဲဖြတ်ကြောင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ကြောင်း ကြိုတင်၍ စာဖြင့်ရေးသား အသိပေးချက်နှင့် သဘောတူခွင့်ပြုချက် တောင်းခံခြင်း**

**သို့** ______________________________ **နေ့စွဲ** ______________________________

(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

**လိပ်စာ** ______________________________

______________________________**ကိုယ်စား**

(ကျောင်းသားအမည်)

______________________________

သင့်ကလေးအတွက် အထူးပညာရေး ဝန်ဆောင်မှုများ လိုအပ်ခြင်းရှိမရှိ ထည့်သွင်းစဉ်းစားရန်အတွက် [LEA] အား အောက်ပါ ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန် တောင်းဆိုခဲ့သည် သို့မဟုတ် အဆိုပြုခဲ့သည်။ မှတ်သားထားသည့် အချက်များကို ပြန်ကြည့် ပေးပါ။ မေးစရာရှိပါက အားနာစရာမလိုဘဲ [LEA] ပညာရေးဝန်ထမ်းများနှင့် ဆွေးနွေးနိုင်ပါသည်။

**A. အဆိုပြုခဲ့သည့် အထူးပညာရေး ဆောင်ရွက်ချက်-**

☐ **1. [ LEA ] သည် ကနဦးအကဲဖြတ်မှု လုပ်ဆောင်ရန်က အဆိုပြုထားသည်။ (မိဘများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်)**

IEP အဖွဲ့ (မိဘများအပါအဝင်) သည် (သင့်လျော်ပါက) ရှိရင်းစွဲ အချက်အလက်များကို ပြန်လည်သုံးသပ်ချက်အပေါ် အခြေခံပြီး သင့်ကလေးအား ကနဦးအကဲဖြတ်မှုတစ်ခု လုပ်ဆောင်ရန် အဆိုပြုထားသည်။-နောက်စာမျက်နှာ၏ သက်ဆိုင်ရာ အချက် အလက်များ ပေးနိုင်သည့် အမှန်ခြစ်ထားသော နေရာများမှ အချက်အလက်များ စုဆောင်းပေးမည်ဖြစ်ပြီး ၎င်းတို့သည် အောက်ပါတို့ကို ဆုံးဖြတ်ရာတွင် အကူအညီဖြစ်စေမည်–

- သင့်ကလေးသည် တမူထူးခြားသည့် ကလေးတစ်ဦး ဟုတ်မဟုတ်နှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များ၊
- သင့်ကလေး၏ လက်ရှိပညာရေး အောင်မြင်မှုအဆင့်များနှင့် စပ်လျဉ်းရာ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များနှင့်
- သင့်ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်ခြင်း ရှိမရှိတို့ဖြစ်သည်။

☐ **နောက်ထပ်အချက်အလက်များ မလိုအပ်ပါ။** လက်ရှိရရှိနိုင်သည့် အချက်အလက်များအား သုံးသပ်ချက်အရ အထက်တွင် ဖော်ပြထားသည့်အတိုင်း ကနဦးအကဲဖြတ်မှု လုပ်ဆောင်ရန် အချက်အလက်များ နောက်ထပ်မလိုအပ်ဟု သတ်မှတ် ထားသည်။ အောက်ပါအမှန်ခြစ်ထားသည့် နယ်ပယ်များတွင် သင့်ကလေး၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ရာတွင် ကျွန်ုပ်တို့အဖွဲ့ကို တိုက်ရိုက်အကူအညီပေးမည့် သက်ဆိုင်ရာ အချက်အလက်များကို ရှိရင်းစွဲ အချက် အလက်များမှ ရယူသွားမည်။

သို့သော်လည်း ဆန်းစစ်ချက်တစ်ခု ဆောင်ရွက်စေလိုပါက သင့်တွင် ထိုသို့ဆောင်ရွက်ရန် မေတ္တာရပ်ခံခွင့်ရှိသည်။ ထိုသို့ ဆန်းစစ်ချက်တစ်ခု ဆောင်ရွက်စေလိုပါက အောက်ပါကျောင်းကိုယ်စားလှယ်တို့ထံ ကျောင်းဖွင့်ရက် 10 ရက်အတွင်း ဆက်သွယ်ပေးပါ။

☐ **2. [ LEA ] က ပြန်လည်အကဲဖြတ်မှု ဆောင်ရွက်ရန် အဆိုပြုထားသည်။ (မိဘများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်)**

IEP အဖွဲ့ (မိဘများအပါအဝင်) သည် (သင့်လျော်ပါက) ရှိရင်းစွဲ အချက်အလက်များကို ပြန်လည်သုံးသပ်ချက်အပေါ် အခြေခံပြီး သင့်ကလေးအား ပြန်လည်အကဲဖြတ်မှုတစ်ခု လုပ်ဆောင်ရန် အဆိုပြုထားသည်။ နောက်စာမျက်နှာ၏ သက်ဆိုင်ရာ အချက် အလက်များ ပေးနိုင်သည့် အမှန်ခြစ်ထားသော နေရာများမှ အချက်အလက်များ စုဆောင်းပေးမည်ဖြစ်ပြီး ၎င်းတို့သည်

| |
|---|
| အောက်ပါတို့ကို ဆုံးဖြတ်ရာတွင် အကူအညီဖြစ်စေမည်–<br>• သင့်ကလေးသည် တမူထူးခြားသည့် ကလေးတစ်ဦးအဖြစ် ဆက်ရှိမရှိနှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များ၊<br>• သင့်ကလေး၏ လက်ရှိပညာရေး အောင်မြင်မှုအဆင့်များနှင့် စပ်လျဉ်းရာ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ<br>• သင့်ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ဆက်လက်လိုအပ်ခြင်း ရှိမရှိနှင့်<br>• သင့်ကလေး၏ IEP တွင် ချမှတ်ခဲ့သည့် တိုင်းတာနိုင်သော နှစ်စဉ်ဦးတည်ချက်များနှင့် ကိုက်ညီစေရန်အတွက် ကူညီပေးနိုင်ရန်နှင့် သင့်လျော်ပါက အထွေထွေ ပညာရေးသင်ရိုးတွင် ပါဝင်သင်ကြားနိုင်ရန်အတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် ထပ်မံပေါင်းထည့်မှုများ သို့မဟုတ် ပြင်ဆင်မှုများ လိုအပ်ခြင်းရှိမရှိတို့ဖြစ်သည်။<br><br>□ **နောက်ထပ်အချက်အလက်များ မလိုအပ်ပါ။** လက်ရှိရရှိနိုင်သည့် အချက်အလက်များအား သုံးသပ်ချက်အရ အထက်တွင် ဖော်ပြထားသည့်အတိုင်း ပြန်လည်အကဲဖြတ်မှု လုပ်ဆောင်ရန် အချက်အလက်များ နောက်ထပ်မလိုအပ်ဟု သတ်မှတ်ထားသည်။ အောက်ပါအမှန်ခြစ်ထားသည့် နယ်ပယ်များတွင် သင့်ကလေး၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ရာတွင် ကျွန်ုပ်တို့အဖွဲ့ကို တိုက်ရိုက်အကူအညီပေးမည့် သက်ဆိုင်ရာ အချက်အလက်များကို ရှိရင်းစွဲ အချက်အလက်များမှ ရယူသွားမည်။<br><br>သို့သော်လည်း ဆန်းစစ်ချက်တစ်ခု ဆောင်ရွက်စေလိုပါက သင့်တွင် ထိုသို့ဆောင်ရွက်ရန် မေတ္တာရပ်ခံခွင့်ရှိသည်။ ထိုသို့ဆန်းစစ်ချက်တစ်ခု ဆောင်ရွက်စေလိုပါက အောက်ပါကျောင်းကိုယ်စားလှယ်တို့ထံ ကျောင်းဖွင့်ရက် 10 ရက်အတွင်း ဆက်သွယ်ပေးပါ။ |
| □ **3. [LEA] သည် ကနဦးအကဲဖြတ်မှု ဆောင်ရွက်ရန် ငြင်းဆိုသည်။ (မိဘများ၏ သဘောတူခွင့်ပြုချက် မလိုအပ်ပါ)** |
| □ **4. [ LEA ] က ပြန်လည်အကဲဖြတ်မှု ဆောင်ရွက်ရန် ငြင်းဆိုထားသည်။ (မိဘများ၏ သဘောတူခွင့်ပြုချက် မလိုအပ်ပါ)** |

______________________________________ ______________________________

(ကျောင်းမှဆက်သွယ်ရန်ပုဂ္ဂိုလ်) (ဖုန်းနံပါတ်)

| အချက်အလက် အသစ် | ရှိပြီးသား အချက်အလက် | |
|---|---|---|
| ☐ | ☐ | **ကျန်းမာရေး/ထိန်းချုပ်လှုပ်ရှားနိုင်စွမ်း –**<br><br>အကြီးစား လှုပ်ရှားနိုင်စွမ်းနှင့် အသေးစိတ် ထိန်းချုပ်နိုင်စွမ်း ဆန်းစစ်ချက် နှင့်/သို့မဟုတ် ရောဂါ သို့မဟုတ် အနာတရဖြစ်ကြောင်း အထောက်အထားတို့ ပါဝင်နိုင်သည်။ ဆန်းစစ်ချက်တွင် ခန္ဓာကိုယ် ထိန်းချုပ်ရာတွင် ကြီးစိုးသည့် ဦးနှောက်အခြမ်း၊ လားရာထိန်းသိမ်းမှု၊ ဟန်ချက်၊ ခန္ဓာကိုယ်နေရာအနေအထား သိရှိနိုင်စွမ်း၊ ထိတွေ့အာရုံခံနိုင်စွမ်း သို့မဟုတ် လမ်းလျှောက်ရာတွင်/ကိုယ်ဟန်အနေအထား ပြဿနာများ ပါဝင်နိုင်သည်။ |
| ☐ | ☐ | **အမြင်အာရုံ –**<br><br>အဝေးနှင့်အနီး အမြင်အာရုံ တိကျမှု၊ မျက်လုံးကြွက်သား ထိန်းချုပ်မှု၊ အတိမ်အနက် သိရှိမှု၊ အရောင်မသဲကွဲမှုနှင့် နေရာရွေးချယ်မှု/ရွေ့လျားမှု စွမ်းရည်များအား ဆန်းစစ်နိုင်သည်။ |
| ☐ | ☐ | **အကြားအာရုံ –**<br><br>အသံကြိမ်နှုန်းနှင့် စကားပြောဆိုရာတွင် ပီသမှု၊ နားအလည်ပိုင်း အလုပ်လုပ်မှု၊ ဗဟိုချက်မှ အသံအကြား နားထောင်ကိုင်တွယ်မှု စွမ်းရည်များနှင့် အသံချဲ့ကိရိယာ အသုံးပြုရန် လိုအပ်ခြင်း/အသုံးပြုခြင်းတို့အား ဆန်းစစ်နိုင်သည်။ |
| ☐ | ☐ | **လူမှုရေး/စိတ်ခံစားမှုဆိုင်ရာ အနေအထား/အပြုအမူဆိုင်ရာ အနေအထား –**<br><br>ကလေးသူငယ်၏ သင်ယူမှု၊ ပေါင်းသင်းဆက်ဆံရေး၊ ခံစားချက်များ နှင့်/သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများနှင့် ပတ်သက်ပြီး လူမှုရေး/စိတ်ခံစားမှုဆိုင်ရာ/အပြုအမူဆိုင်ရာ ဖွံ့ဖြိုးမှုအား ဆန်းစစ်နိုင်သည်။ သင့်လျော်သည့် အပြုအမူပိုင်းဆိုင်ရာ အပြုသဘော ထောက်ပံ့မှုများကို သတ်မှတ်နိုင်ရန် လက်တွေ့ အပြုအမူ ဆိုင်ရာ ဆန်းစစ်ချက် သို့မဟုတ် အကဲဖြတ်ချက်တစ်ခု ပါဝင်နိုင်သည်။ |
| ☐ | ☐ | **ယေဘုယျအသိဉာဏ် –**<br><br>ကလေး၏ သင်ယူမှုနှုန်း၊ ပြဿနာဖြေရှင်းမှုစွမ်းရည်၊ သဘောတရား နားလည်မှုအဆင့်၊ သိမြင်နားလည်မှု နည်းဗျူဟာများကို အသုံးပြုမှု နှင့်/သို့မဟုတ် ကျိုးကြောင်းဆင်ခြင်ရန် နှင့်/သို့မဟုတ် ယေဘုယျရှုမြင်ရန် စွမ်းရည်တို့ အပါအဝင် ယေဘုယျ သိမြင်နားလည်မှု စွမ်းရည်များအား ဆန်းစစ်နိုင်သည်။ |
| ☐ | ☐ | **ကျောင်းပညာရေး စွမ်းဆောင်ရည် –**<br><br>ကျောင်းပညာရေး သို့မဟုတ် ကျောင်းမတက်မီ ပညာရေး စွမ်းရည်များနှင့် နှုတ်ဖြေ သို့မဟုတ် ရေးဖြေ၊ ဖတ်ရှုမှု စွမ်းရည် သို့မဟုတ် နားလည်သဘောပေါက်မှု၊ သင်္ချာတွက်ချက်မှု သို့မဟုတ် ကျိုးကြောင်းဆင်ခြင်မှုတို့ ကဲ့သို့သော အထွေထွေ သင်ရိုးညွှန်းတန်းဆိုင်ရာ အောင်မြင်မှုအဆင့်များအား ဆန်းစစ်ချက်တစ်ခု ပါဝင်နိုင်သည်။ မျက်မမြင် သို့မဟုတ် အမြင်အာရုံ ချို့တဲ့သည့် ကလေးတို့အတွက် Braille စာဖြင့် လမ်းညွှန်ချက်များ လိုအပ်ချက်အကြောင်း ဆန်းစစ်နိုင်သည်။ |

| | | |
|---|---|---|
| ☐ | ☐ | **ပြောဆိုဆက်သွယ်မှု အနေအထား –**<br><br>ထုတ်ဖော်ပြောဆိုမှုနှင့် လက်ခံနားထောင်မှု၊ စကားပြောဆိုပုံ၊ အသံ၊ ပီသမှု သို့မဟုတ် ငြင်းခုန်ပြောဆိုမှုတို့ ကဲ့သို့သော စွမ်းရည်များ အပါအဝင် သတင်းအချက်အလက်နှင့် လူမှုရေးအရ ရည်ရွယ်ချက်များကို ပြောဆို နိုင်စွမ်းနှင့် နားလည်နိုင်စွမ်းတို့အား ဆန်းစစ်ချက်တစ်ခု ပါဝင်နိုင်သည်။ နားမကြားသည့် သို့မဟုတ် နားလေးသည့် ကလေးတစ်ဦးအတွက် ကလေး၏ ပြောဆိုနားလည်မှု ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှုကို ထည့်သွင်း စဉ်းစား၍ ဆန်းစစ်ပေးရန် လိုနိုင်သည်။ |
| ☐ | ☐ | **ကူးပြောင်းမှုဆိုင်ရာ စွမ်းရည်များ –**<br><br>လေ့ကျင့်ရေး၊ ပညာရေး၊ အလုပ်ရရှိမှု၊ လေ့လာသင်ယူမှု လမ်းကြောင်းများနှင့် သင့်လျော်ပါက အကူအညီမလိုဘဲ နေထိုင်နိုင်မှု စွမ်းရည်များနှင့် ပတ်သက်ပြီး သင့်လျော်သည့် ကူးပြောင်းမှုဆိုင်ရာ ဆန်းစစ်ချက်များ ပါဝင်နိုင်သည်။ |
| ☐ | ☐ | **အခြားရှိပါက ဖော်ပြပါ –** |

**B. ဆောင်ရွက်မှုတစ်ခုကို အဘယ်ကြောင့် အဆိုပြုရကြောင်း သို့မဟုတ် ငြင်းပယ်ရကြောင်း ရှင်းပြချက်–**

**C. ထည့်သွင်းစဉ်းစားခဲ့သည့် ရွေးချယ်စရာများနှင့် ရွေးချယ်စရာများကို ငြင်းပယ်ရခြင်း အကြောင်းရင်း–**

**D. အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းပယ်ခဲ့သည့် ဆောင်ရွက်မှုအတွက် အခြေခံအဖြစ် စဉ်းစားခဲ့သည့် အချက်အလက်များကို ဖော်ပြချက်–**

(အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းဆိုခဲ့သည့် ဆောင်ရွက်မှု၏ အခြေခံဖြစ်သည့် အကဲဖြတ်မှု လုပ်ထုံးလုပ်နည်း၊ ဆန်းစစ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီ အပါအဝင်)

**E. အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းပယ်ခဲ့သည့် ဆောင်ရွက်မှုအတွက် သက်ဆိုင်သည်ဟု မှတ်ယူသည့် အခြားအချက်များ–**

**မိဘများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် လုပ်ထုံးလုပ်နည်းအရ အဟန့်အတားများ**

ကလေးသူငယ်များ၏ ပညာရေးနှင့် ပတ်သက်သည့် ပြည်နယ်နှင့် ဖက်ဒရယ် ဥပဒေနှစ်ရပ်စလုံးတွင် ချွင်းချက်အချို့မှလွဲပြီး မိဘများ၏ အခွင့်အရေးများစွာ ပါဝင်သည်။ သင့်ကလေးနှင့် ပတ်သက်ပြီး ကျောင်းမှဆောင်ရွက်လိုသည်များကို အသိပေးခြင်းခံရရန်နှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ အစီအစဉ်ချမှတ်ရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်တို့သည် သင့်အခွင့်အရေး နမူနာများ ဖြစ်ကြသည်။ ဤဥပဒေများအရ သင့်အခွင့်အရေးများကို သင်သိရှိရန်နှင့် ထိုအခွင့်အရေးများကို ကျင့်သုံးရန်အတွက် အခွင့်အလမ်းရှိရန် သင့်ကျောင်းသည် လုပ်ထုံးလုပ်နည်းအချို့ကို လိုက်နာရန် လိုအပ်သည်။ ကျောင်းအနေဖြင့် ကျောင်းစာသင်နှစ် တစ်နှစ်လျှင် ကျောင်းသားမိဘတို့၏ အခွင့်အရေးများကို ဖော်ပြထားသည့် စာမိတ္တူတစ်စောင် မဖြစ်မနေ သင့်ထံပို့ရမည်။ အကဲဖြတ်ရန် ကနဦး ကိုးကားချက်လုပ်ချိန်တွင် သင့်အခွင့်အရေး မိတ္တူတစ်စောင်ကို လက်ခံရရှိမည်။ ၎င်းစာကို သေချာဖတ်ရှုပြီး သင့်အခွင့်အရေးများအကြောင်း သိလိုလျှင် သို့မဟုတ် သင့်အခွင့်အရေး နောက်ထပ်မိတ္တူတစ်စောင် ထပ်မံလိုအပ်ပါက ကျောင်း၏ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် အထူးပညာရေး ပူးပေါင်းတာဝန်ခံထံ ဆက်သွယ်နိုင်သည်။

## နောက်ထပ်အချက်အလက်များ

တစ်မူထူးခြားသည့် ကလေးသူငယ်များကို ပညာသင်ကြားခြင်းဆိုင်ရာ ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေများနှင့် ၎င်းဥပဒေများမှ အပ်နှင်းထားသည့် မိဘတို့၏ အခွင့်အရေးများ (လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများ) ကို သင်နားလည်နိုင်ရန် ဖော်ပြပါ ရင်းမြစ်များသို့ ဆက်သွယ်၍ အကူအညီရယူနိုင်သည်– Kansas ပြည်နယ် ပညာရေးဌာန 800-203-9462၊ Kansas မသန်စွမ်းသူများ စင်တာ (DRC) (877) 776-1541၊ Families Together, Inc. 800-264-6343 နှင့် Keys for Networking 785-233-8732။

**ပေးပို့ခြင်း**

ကျွန်ုပ်၊ ______________________________သည်

☐ ကိုယ်တိုင် ပေးပို့ခဲ့သည်၊

☐ စာတိုက်မှ ပေးပို့ခဲ့သည်၊

☐ အခြား________________

(သီးသန့်ဖော်ပြပေးပါ)

ဤအသိပေးစာကို ______________________ ထံသို့ ________________တွင်ပေးပို့သည်။

(အမည်) (ရက်စွဲ)

## အထူးပညာရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် သဘောတူခွင့်ပြုချက် တောင်းဆိုခြင်း

*(လိုအပ်ပါက)*

ကျွန်ုပ်တို့သည် အတူပါသည့် အသိပေးစာတွင် ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်မည့် အထူးပညာရေး ဆောင်ရွက်ချက်အတွက် သင့်သဘောတူခွင့်ပြုချက် တောင်းလိုပါသည်။ အထက်ဖော်ပြပါ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့အကြား သဘောထား မတိုက်ဆိုင်မှု မှန်သမျှအတွက် ကျွန်ုပ်တို့အကြား အပြန်အလှန် သဘောတူညီမှု၊ ကြားဝင်ဖြန်ဖြေမှု သို့မဟုတ် တရားမျှတသော ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများဖြင့် ဖြေရှင်းနိုင်သည်။ တောင်းဆိုပါက ကြားဝင်ဖြန်ဖြေမှုနှင့် တရားမျှတသော ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတို့ကို ရှင်းပြချက်ပေးမည်။ သင်စာဖြင့်ရေးသား ခွင့်ပြုချက် လက်ခံရရှိသည်နှင့် အဆိုပြုထားသည့် ဆောင်ရွက်မှု(များ)ကို ချက်ချင်းစတင်မည်။ ၎င်းသည် ကနဦး အကဲဖြတ်မှုဖြစ်ပါက သင့်သဘောတူခွင့်ပြုချက်သည် သင့်ကလေးအကျုံးဝင်ပါက IEP သင့်ခွင့်ပြုချက်ဖြင့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးရမည့် ကျောင်းဖွင့်ရက်အချိန် ရက် 60 ပေးမည် ဖြစ်သည်။ ဤအသိပေးစာအကြောင်း မေးမြန်းလိုသည်များ ရှိပါက ဖော်ပြပါ ကျောင်းကိုယ်စားလှယ်များထံ ဆက်သွယ်နိုင်သည်–

________________________________ဆက်သွယ်ရန်________________________

(ကျောင်းမှဆက်သွယ်ရန်ပုဂ္ဂိုလ်) (ဖုန်းနံပါတ်)

**ဤအသိပေးစာတွင် ဖော်ပြထားသည့် အထူးပညာရေး ဆောင်ရွက်မှုများကို သဘောတူခွင့်ပြုလိုပါက သို့မဟုတ် သဘောတူ ခွင့်ပြုချက် မပေးလိုပါက (အောက်ပါ) ဖောင်တွင် လက်မှတ်နှင့် ရက်စွဲထိုးပြီး အထက်ဖော်ပြပါ ကျောင်းကိုယ်စားလှယ်ထံ ပြန်ပို့ပါ။**

***သဘောတူခွင့်ပြုချက် ပေးသည်***

☐ ကျွန်ုပ်သည် *ကျွန်ုပ်ကလေးအတွက် အသိပေးစာတွင် ဖော်ပြထားသည့် အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်မှုအတွက်* ***သဘောတူခွင့်ပြုချက်ပေးသည်***။ *ဤသဘောတူခွင့်ပြုချက်သည် မိမိဆန္ဒအလျောက်ဖြစ်ပြီး မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းကြောင့် သဘောတူခွင့်ပြုချက်ပေးပြီးနောက်နှင့် ပြန်လည်မရုပ်သိမ်းမီ ဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်မှုတစ်ခုကို ပျက်ပြယ်စေမည် မဟုတ်ပါ။*

***သဘောတူခွင့်ပြုချက် မပေးပါ***

☐ ကျွန်ုပ်သည် *ကျွန်ုပ်ကလေးအတွက် အသိပေးစာတွင် ဖော်ပြထားသည့် အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်မှုအတွက်* ***သဘောတူခွင့်ပြုချက် မပေးပါ***။

______________________________ ရက်စွဲ ____________________

(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

______________________________ ရက်စွဲ ____________________

(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)